CHINA · YUNNAN
HEADLINE
11 - 17 April, 2019 Vol.111
Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES A

# တရုတ်နိုင်ငံ၏ ပြည်လုံးကျွတ်ဆိုင်ရာ ကိုယ်စားလှယ်ညီလာခံနှစ်ရပ်အပေါ် ပြည်တွင်းပြည်ပမီဒီယာများက ယူနန်၏ မည်သည့်အရာကို ဂရုပြုနေသနည်း



မတ် ၇ ရက် တရုတ်နိုင်ငံ ( ၁၃ )ကြိမ်မြောက် ပြည်လုံးကျွတ်ဆိုင်ရာ ပြည်သူ့ကွန်ဂရက်အစည်းအဝေးကြီး ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်သည့် ယူနန်ပြည်နယ် ကိုယ်စားလှယ်အဖွဲ့သည် ပြည်တွင်းပြည်ပမီဒီယာများထံ ဖွင့်လှစ်ခဲ့သည်။ မီဒီယာ ၄၈ ခုမှ သတင်းထောက် ၉၃ ဦးသည် အစည်းအဝေးသို့ လာရောက်သတင်းယူခဲ့သည်။ ဤကော်လံတွင် သက်ဆိုင်ရာ မေးမြန်းဖြေဆိုမှုများကို ကျွန်တော်တို့ ကောက်နုတ်တင်ပြမည်ဖြစ်ပါသည်။

**ဆင်ဟွာသတင်းဌာန သတင်းထောက် ။** ။ ၂၀၁၆ မှ ၂၀၁၈ ခုနှစ်အထိ ယူနန်စီးပွားရေးတိုးမြင့်နှုန်းသည် တရုတ်တစ်နိုင်ငံလုံး ရှေ့တန်းတွင်ရှိနေလျက်ရှိသည်။ ခုန်ပျံကျော်လွှားပုံစံ ဖွံ့ဖြိုးတိုးတက်မှု၏ အလားအလာမှာ အထူးအင်အားကောင်းနေသည်။ လေးနှစ်အတွင်း ယူနန်၏ ခုန်ပျံကျော်လွှားပုံစံ ဖွံ့ဖြိုးတိုးတက်မှု၏ ထူးခြားသောတောက်ပချက်မှာ အဘယ်နည်း။

**ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူး ချိန်ဟောင်။** ။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလက နိုင်ငံတော်သမ္မတ ရှီကျင့်ဖျင်သည် ယူနန်သို့လာရောက်လေ့လာခဲ့သည်။ ထိုအခါ ယူနန်ကို "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာအတွင်းသို့ တက်ကြွစွာ ဝင်ရောက်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းဖြင့် ခုန်ပျံကျော်လွှားပုံစံ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို လျှောက်လှမ်းလိုက်ပါ။ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်မှုအတွက် စံပြဇုန်၊ ဇီဝဂေဟ ယဉ်ကျေးမှု ဆောက်လုပ်ရေးရှေ့ပြေး၊ တောင်အာရှ၊ အရှေ့တောင်အာရှ မျက်နှာပြု ဖြာထွက်မှုစင်တာအဖြစ် ကြိုးပမ်းလုပ်ဆောင်ပြီး တရုတ်အိပ်မက်၏ ယူနန်စာမျက်နှာကို ကောင်းစွာရေးဆွဲပါ"ဟု သမ္မတရှီကျင့်ဖျင်က ညွှန်ကြားခဲ့ပါသည်။ လေးနှစ်တာကာလအတွင်း ကျွန်တော်တို့သည် ခုန်ပျံကျော်လွှား ပုံစံသစ်ကို ကြိုးပမ်းတည်ဆောက်နေပြီး အကျိုးသက်ရောက်မှုများ အဆက်မပြတ် ပေါ်ထွက်လာနေပြီဖြစ်သည်။

စီးပွားရေးအထွေထွေအင်အားမှာ မြင့်တင်မှုအသစ် ရရှိပါသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ယူနန်တစ်ပြည်နယ်လုံး GDP သည် တရုတ်ယွမ် ဘီလီယံပေါင်း ၁၂၈၆ ဒသမ ၅၆၇ မှ ဘီလီယံပေါင်း ၁၇၈၈ ဒသမ ၁၁၂ အထိ၊ နှစ်စဉ်ပျမ်းမျှတိုးမြင့်နှုန်းမှာ ၈ ဒသမ ၉ ရာခိုင်နှုန်း ဖြစ်လာခဲ့သည်။ ယူနန်တစ်ပြည်နယ်လုံးစီးပွားရေး စုစုပေါင်းပမာဏသည် တရုတ်တစ်နိုင်ငံလုံး အမှတ်စဉ် ၂၄ မှ ၂၀ သို့ မြင့်တက်လာခဲ့သည်။

အခြေခံအဆောက်အအုံများပြုပြင်ပြောင်းလဲမှုအသစ် ရရှိလာသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ယူနန်အမြန်လမ်းပေါက်သည့် ခရိုင်များမှာ ၅၉ ခုမှ ၈၂ ခုအထိ တိုးမြင့်လာသည်။ ရထားလမ်းစုစုပေါင်း လုပ်ငန်းလည်ပတ်မိုင်တိုင်မှာ ၃၈၅၆ ကီလိုမီတာ ရှိခဲ့သည်။ ယင်းအတွင်း မြန်နှုန်းမြင့်ရထား ၁၀၂၆ ကီလိုမီတာရှိပြီး ပုံမှန်သွားလာလည်ပတ်လေဆိပ်မှာ ၁၅ ခုအထိ တိုးမြင့်လာသည်။ လေကြောင်းလိုင်းများမှာ ကူမင်းမှ အရှေ့တောင်အာရှနိုင်ငံ မြို့တော်များသို့ လွှမ်းမိုးနိုင်ခဲ့သည်။ စွမ်းအင်ကွန်ရက်မှာ မြို့ရွာများကိုချိတ်ဆက်နိုင်ခဲ့သည်။ အကြီးစား အလတ်စား ရေကာတာများ ဆောက်လုပ်ပြီးစီးခဲ့ပြီး အင်တာနက်ကွန်ရက် ဘက်စုံလွှမ်းမိုးသည်။ ကုန်စည်ပို့ဆောင်ရေးကွန်ရက်လည်း အရှိန်မြင့် ဆောက်လုပ်နေလျက်ရှိသည်။

လုပ်ငန်းပုံစံ ပြောင်းလဲအဆင့်မြှင့်တင်ခြင်းမှာ ခြေလှမ်းအသစ် လျှောက်လှမ်းနိုင်ခဲ့ပါသည်။ ကျွန်တော်တို့သည် ထောက်ပံ့မှုဖွဲ့စည်းပုံစံ ပြောင်းလဲခြင်းကို လေးနက်စွာ လုပ်ဆောင်နေပါသည်။ အလေးပါ စီးပွားရေးရှစ်ရပ်(ဇီဝဆေးပညာနှင့် ကျန်းမာရေး၊ ခရီးသွားယဉ်ကျေးမှု၊ ဒီဂျစ်တယ်သတင်းအချက်အလက်၊ ခေတ်သစ်ကုန်စည်သယ်ပို့ရေး၊ ကုန်းမြင့်ထူးခြား ခေတ်သစ်စိုက်ပျိုးရေး၊ ကုန်ကြမ်းသစ်၊ ခေတ်မီစက်ကိရိယာ ထုတ်လုပ်ရေးနှင့် စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်ရေး) နှင့် 'အစိမ်းရောင်စွမ်းအင်၊ အစိမ်းရောင်စားသောက်ကုန်၊ ကျန်းမာနေထိုင်မှုနေရာ'ဟူသော 'ဖဲသုံးချပ်' အကောင်အထည်ဖော်ဆောင်ရေး အရှိန်အဟုန် ကောင်းမွန်နေသည်။ ယူနန်ပြည်နယ်တစ်ခုလုံး လုပ်ငန်းဖွဲ့စည်းတည်ဆောက်ပုံ၊ စွမ်းအင်ဖွဲ့စည်းတည်ဆောက်ပုံနှင့် စီးပွားရေးဖွဲ့စည်းတည်ဆောက်ပုံမှာ အဆက်မပြတ် အဆင့်မြှင့်တင်နေလျက်ရှိသည်။

ပြုပြင်ပြောင်းလဲ တံခါးဖွင့်လှစ်မှုလမ်းမှာ ပိုမိုကျယ်ပြန့်လာသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ် ယူနန်တစ်ပြည်နယ်လုံးတွင် ပြည်နယ်အပြင်မှခေါ်ယူသော ရင်းနှီးငွေပမာဏမှာ တရုတ်ယွမ် ဘီလီယံပေါင်း ၃၂၇၀ ဒသမ ၅၅၅ ယွမ်ရရှိပြီး ကမ္ဘာ့အကောင်းဆုံးလုပ်ငန်း ၅၀၀ ခုမှ ၁၁၄ ခု ရှိနေပါသည်။ လုပ်ငန်းလုပ်ကိုင်မှုပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာပြီး ခရီးသွားဈေးကွက်ထိန်းသိမ်းရေး ထိရောက်လာသည်။ လျှပ်စစ်စနစ် ပြုပြင်ပြောင်းလဲမှု အဆက်မပြတ် မြှင့်တင်နေသည်။

တိုင်းရင်းသားပြည်သူများ၏ နေထိုင်မှုအဆင့်အတန်း သိသာစွာ မြင့်တက်လာသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ် ယူနန်တစ်ပြည်နယ်လုံး ဆင်းရဲနွမ်းပါးမှုမှကင်းလွတ်သူ လူဦးရေမှာ ၄၇ ဒသမ ၇ သိန်းရှိပြီး ဆင်းရဲနွမ်းပါးမှုခရိုင် ၄၈ ခုမှာ လွတ်ကင်းလာနိုင်ခဲ့သည်။ ကလေးငယ်စဉ် သင်ကြားခွင့်ရှိသည်။ အလုပ်လုပ်ရင် ဝင်ငွေရရှိနိုင်သည်။ ရောဂါရှိလျှင် ကုသမှုရရှိနိုင်သည်။ အသက်ကြီးလျှင် ကျွေးမွေးနိုင်ပြီး နေထိုင်ရာနေရာရှိကာ ကူညီထောက်ပံ့ပေးမှုလည်း ပိုမိုကောင်းမွန်လာသည်။

ဂေဟစနစ်ယဉ်ကျေးမှု ဆောက်လုပ်ရေးလည်း ကြံ့ခိုင်မှုရရှိသည်။ ယူနန်တစ်ပြည်နယ်လုံး သစ်တောလွှမ်းမိုးမှုနှုန်းမှာ ၅၈ ဒသမ ၇ ရာခိုင်နှုန်းမှ ၆၀ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်လာပါသည်။ သစ်မြေမျက်နှာပြင်ဧရိယာ၊ သစ်တောမျက်နှာပြင်ဧရိယာ၊ သစ်တောစုဆောင်းမှု စသည့်စံနှုန်းသုံးခုမှာ တရုတ်တစ်နိုင်ငံလုံး ဒုတိယတွင်ရှိသည်။ အော်ဟိုင်၊ ထျန်ချီ၊ ဖူရှန်းအင်း စသည့် ကုန်းမြင့်အင်းအိုင်ကိုးခု ထိန်းသိမ်းမှုလည်း ထိရောက်မှုအသစ်များ ရရှိလာနေပါသည်။

**ပြည်သူ့နေ့စဉ်သတင်းစာ သတင်းထောက်။** ။ ယူနန်မှ အော်ဟိုင်ထိန်းသိမ်းရေးတွင် မည်သည့်အကျိုးသက်ရောက်မှုများ ရရှိလာသနည်း။ မည်သည့်အခက်အခဲများ ကြုံတွေ့နေရသနည်း။ ထပ်မံလုပ်ဆောင်ချက်များကို မေးပါရစေ။

**ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ယွမ်ချိန်ဖား။** ။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ နိုင်ငံတော်သမ္မတရှီကျင့်ဖျင်က ယူနန်သို့ လာရောက်လည်ပတ်သည့်အခါ ယူနန်မှာ "အော်ဟိုင်ကို ကောင်းစွာ ထိန်းသိမ်းရမည်"ဟု တောင်းဆိုခဲ့သည်။ လေးနှစ်ရှိခဲ့ရာ အော်ဟိုင်ထိန်းချုပ်ရေးအပေါ် ကျွန်တော်တို့သည် အထူးဂရုပြုပါသည်။ အင်းပတ်လည် ညစ်ညမ်းမှုထိန်းချုပ်ရေးကို ပထမဆုံး ပြုလုပ်ခဲ့ပါသည်။ ဒုတိယအချက်သည် ရေမျက်နှာပြင်ညစ်ညမ်းမှုကို ထိန်းချုပ်သည်။ ရေနယ်ပယ်အတွင်း Nitrogen phosphate fertilizer နှင့် အဆိပ်ပါသည့်ပိုးသတ်ဆေးများ ရောင်းချခြင်း လုံးဝမပြုရ။ အိမ်မွေးတိရစ္ဆာန်မွေးမြူခြံ ၄၆ ခုကို ပိတ်ပင်ပြောင်းရွှေ့ခဲ့သည်။ မျက်နှာပြင်ညစ်ညမ်းမှုကို ထိန်းသိမ်းခဲ့သည်။ တတိယအချက်သည် ထိန်းသိမ်းမှုစီမံကိန်း ဆောက်လုပ်ရေးကို တွန်းတင်သည်။ '(၁၃) ကြိမ်မြောက် ငါးနှစ်စီမံကိန်း' စီမံကိန်းထိန်းသိမ်းမှုသည် တရုတ်ယွမ် ဘီလီယံပေါင်း ၁၆၂ ဒသမ ၄၅ ပြီးစီးရင်းနှီးခဲ့သည်။ စီမံကိန်း စုစုပေါင်း ရင်းနှီးမှု၏ ၈၁ ရာခိုင်နှုန်းရှိသည်။ စတုတ္ထအချက်သည် ပြည်သူအင်အားများဖွဲ့စည်းပြီး ထိန်းသိမ်းကာကွယ်ခြင်း ဖြစ်သည်။ ပြည်သူလူထုများသည် အစိုးရ၏ လှုံ့ဆော်စုစည်းမှုကိုလိုက်နာပြီး အော်ဟိုင်ထိန်းသိမ်းရေးအတွင်းသို့ တက်ကြွစွာ ပါဝင်ခဲ့ကြပါသည်။ အော်ဟိုင်ကို ကောင်းစွာထိန်းသိမ်းခြင်းသည် တာ့လီပြည်သူလူထုများ၏ တူညီသော မျှော်မှန်းချက်ဖြစ်လာပါသည်။

ဒုတိယ- အော်ဟိုင် ရေကောင်းမွန်လာသည်။ ၂၀၁၈ ခုနှစ် အော်ဟိုင်မှ အင်းရေအရည်အသွေးသည် ခုနစ်လ အမျိုးအစား II၊ ငါးလ အမျိုးအစား III ဖြစ်မြောက်လာခဲ့သည်။ ၂၀၁၅ ခုနှစ်နောက်မှ ရေအရည်အသွေး အကောင်းဆုံးဖြစ်သည့်ခုနှစ် ဖြစ်လာခဲ့သည်။ ထို့အတူ အင်းအိုင်အတွင်း ရေနေဇီဝဂေဟလည်း တက်ကြွသောပြောင်းလဲမှုများ ဖြစ်လာနေပါသည်။

တတိယ- အော်ဟိုင်ကို ကာကွယ်ထိန်းသိမ်းရန် ဆုံးဖြတ်ချက်သုံးချက် ချမှတ်ရသည်။ တစ်သည် အော်ဟိုင်ဖွံ့ဖြိုးတိုးတက်ရေး တာ့လီ၏ လမ်းကြောင်းသစ်ကို လျှောက်လှမ်းရမည်။ ပြည့်စုံသောစနစ် လုပ်ဆောင်ရမည်။ အော်ဟိုင်ကို ကာကွယ်ခြင်းဖြင့် တာ့လီစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်ရန် လုပ်ဆောင်ရမည်။ နှစ်သည် အော်ဟိုင်ကာကွယ်ဇဟိုဇုန်ကို တိုးချဲ့ရမည်။ အော်ဟိုင်ကို ပြည့်ဝသော ဇီဝပတ်ဝန်းကျင်နေရာ ချန်ပေးရမည်။ သုံးသည် ပုံစံပြောင်းဖွံ့ဖြိုးတိုးတက်ခြင်း လုပ်ဆောင်ရမည်။ အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို လျှောက်လှမ်းရမည်။ အော်ဟိုင်နယ်ပယ် အစိမ်းရောင်ထုတ်လုပ်ရေး ပုံစံပြုပြင်ပြောင်းလဲမှုကို တွန်းတင်ရမည်။ စမတ်ခရီးသွား၊ ဒီဂျစ်တယ်ကိန်းဂဏန်း စိုက်ပျိုးရေးနှင့် ဇီဝစိုက်ပျိုးရေး စသည့် ဖွံ့ဖြိုးတိုးတက်ရေးများကို တွန်းတင်ရမည်။ စာမျက်နှာ( B )သို့




စာမျက်နှာ( A )မှ

# တရုတ်နိုင်ငံ၏ ပြည်လုံးကျွတ်ဆိုင်ရာ ကိုယ်စားလှယ်ညီလာခံနှစ်ရပ်အပေါ် ပြည်တွင်းပြည်ပမီဒီယာများက ယူနန်၏ မည်သည့်အရာကို ဂရုပြုနေသနည်း

**စီစီတီဗွီ ရုပ်မြင်သံကြားသတင်းထောက် ။** ။ ယူနန်သည် တရုတ်နိုင်ငံ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အဓိကဆောင်ရွက်နေသောနေရာ ဖြစ်ပေသည်။ ယူနန်သည် ၂၀၂၀ ပြည့်နှစ်တွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဟူသော ခိုင်မြဲသော ရည်မှန်းချက်ကြီးကို တရုတ်တစ်နိုင်ငံလုံးနှင့် ဟန်ချက်ညီစွာ မည်ကဲ့သို့ ဆောင်ရွက်သွားမည်နည်း။

**ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူး ချိန်ဟောင်။** ။ တရုတ်ကွန်မြူနစ်ပါတီ (၁၈)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံ ကျင်းပကတည်းက ကျွန်တော်တို့သည် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး အခြေခံမဟာဗျူဟာကို မလွဲမသွေ လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါသည်။ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး လုပ်ငန်းစဉ်အတွက် များစွာတွန်းအားဖြစ်ထွန်းစေခဲ့ပါသည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ လူဦးရေသန်းပေါင်း ၇ ဒသမ ၀၇ အား ဆင်းရဲနွမ်းပါးမှုပပျောက်စေရန် လုပ်ဆောင်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ခရိုင် ၁၅ ခုအား ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို လုပ်ဆောင်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ဆင်းရဲနွမ်းပါးသူလူဦးရေသန်းပေါင်း ၁ ဒသမ ၅၁ ကို ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်နိုင်ခဲ့သည်။ ဆင်းရဲနွမ်းပါးသောကျေးရွာ ၂၂၉၈ ခုကို ကူညီပေးနိုင်ခဲ့ပါသည်။ ဆင်းရဲနွမ်းပါးသော ခရိုင် ၃၃ ခုသည် ဆင်းရဲနွမ်းပါးမှုပပျောက်သည့်စာရင်းထဲသို့ ထည့်သွင်းနိုင်ခဲ့ပါသည်။ တူလုံတိုင်းရင်းသား၊ ကျီနော့တိုင်းရင်းသား၊ တယ်အောင်တိုင်းရင်းသား စသည့် ‘နိုင်ငံတော်အကူအညီဖြင့် ဆိုရှယ်လစ်လမ်းစဉ်စနစ်သို့ ကူးပြောင်းလာသော တိုင်းရင်းသား’ များ၊ လူဦးရေအနည်းစုဖြစ်နေသော တိုင်းရင်းသားများအတွက် လူမျိုးစုတစ်စုလုံး ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါသည်။ အဆိုပါလုပ်ဆောင်ချက်များသည် ယူနန်ပြည်နယ် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး ဖွံ့ဖြိုးတိုးတက်မှုသမိုင်းမှတ်တမ်းထဲတွင် သမိုင်းတွင်ပြီး အလွန်အရေးပါလှပေသည်။ သို့သော် ယခုလက်ရှိအချိန်တွင် ယူနန်ပြည်နယ်တစ်ခုလုံးအတွင်း ဆင်းရဲနွမ်းပါးသော လူဦးရေသည် ၁ ဒသမ ၈၁ သန်း ရှိနေသေးသည်။ ဆင်းရဲနွမ်းပါးသော ခရိုင် ၄၀ ခု၊ ကျေးရွာ ၃၄၃၄ ခု ရှိနေသေးသည်။ ကျွန်တော်တို့သည် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး လုပ်ဆောင်နိုင်ရန်အတွက် ချမှတ်ပေးထားသော ရန်ပုံငွေများ၊ ပေါ်လစီများ၊ လုပ်ဆောင်ချက်များကို အင်အားများ ပိုမိုစိုက်ထုတ်ပြီး ဆင်းရဲနွမ်းပါးမှု ပပျောက်ရန်အတွက် လိုအပ်သည့်နေရာများတွင် အသုံးပြုသွားမည်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုများ ပပျောက်သွားအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ယူနန်ပြည်နယ် တိုင်းရင်းသားပေါင်းစုံ လူထုတစ်ရပ်လုံးသည် ဆင်းရဲနွမ်းပါးမှုများ ပပျောက်သွားပြီး တစ်နိုင်ငံလုံးနှင့်အတူ ချမ်းသာသော လူမှုရေးအသိုင်းအဝိုင်း ဖြစ်ပေါ်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**တရုတ်နေ့စဉ်သတင်းစာသတင်းထောက်။** ။ နှစ်နှစ်တာအချိန်ကာလအတွင်းတွင် ယူနန်သည် စည်းကမ်းကြပ်မတ်ခြင်းဖြင့် ခရီးသွားလုပ်ငန်း အသွင်ပြောင်း အဆင့်မြှင့်တင်ခြင်းအတွက် အကျိုးဖြစ်ထွန်းမှုများကို ကူးပြောင်းရရှိစေခဲ့ပါသည်။ နောက်တစ်ဆင့်တွင် ယူနန်သည် ခရီးသွားတော်လှန်ရေးကို မည်ကဲ့သို့ ပြီးဆုံးအောင် ဆင်နွှဲသွားမည်နည်း။ ‘လက်ကိုင်ဖုန်းတစ်လုံးဖြင့် ယူနန်လည်ပတ်ခြင်း’ လုပ်ဆောင်ချက်သည် မည်ကဲ့သို့သော မျိုးနွယ်စုံလင်သော ပိုမိုပြီးပြည့်စုံသော လုပ်ဆောင်ချက်များ ထွက်ပေါ်ရရှိနိုင်ဦးမည်နည်း။

**ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ယွမ်ချိန်ဟား။** ။ စီမံအုပ်ချုပ်မှုများ လုပ်ဆောင်ပြီးနောက် ယူနန်၏ ခရီးသွားဈေးကွက်ကို သေချာစနစ်ကျစွာ ကြပ်မတ်ခြင်းပုံစံ ဖြစ်ပေါ်လာပါပြီ။ ဈေးကွက်များသည် စနစ်တကျ လည်ပတ်လျက်ရှိနေသည်။ ယမန်နှစ်တွင် တစ်နိုင်ငံလုံးခရီးသွားလုပ်ငန်းမှာ မကျေနပ်မှုများ တိုင်ကြားခြင်းပလက်ဖောင်းတွင် ယူနန်ပြည်နယ်တိုင်ကြားခြင်း ၇၈၀ ခုသာ ရှိသည်။ ရှေးနှစ်များနှင့်နှိုင်းယှဉ်ပါက ၅၃ ရာခိုင်နှုန်း ကျဆင်းသွားသည်။ တရုတ်တစ်နိုင်ငံလုံးအတွင်း အဆင့်(၆)မှ အဆင့်(၂၁)အထိ ကျသွားပါသည်။ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တော်များ ဝင်ရောက်လာခြင်း၊ ခရီးသွားကဏ္ဍမှ စုစုပေါင်းဝင်ငွေသည် ရှေးနှစ်ထက် ၂၀ ရာခိုင်နှုန်း တိုးမြင့်လာပါသည်။ နောက်နောင်တွင် ကျွန်တော်တို့သည် တစ်ဖက်တွင် စည်းကမ်းကြပ်မတ်ခြင်း၊ တစ်ဖက်တွင် အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ကာ ခရီးသွားလုပ်ငန်း အင်တာနေရှင်နယ်ဆန်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ထူးခြားအားသာမှုရှိခြင်း၊ ဒီဂျစ်တယ်စနစ်သို့ အသွင်ပြောင်းခြင်း စသည့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် ကြိုးပမ်းလျှောက်လှမ်းသွားမည်ဖြစ်သည်။

ယခုအချိန်အနေအထားသည် ‘လက်ကိုင်ဖုန်းတစ်လုံးဖြင့် ယူနန်လည်ပတ်ခြင်း’ စံပြထားသော ဒီဂျစ်တယ်ခရီးသွားကဏ္ဍသည် ကနဦး အကျိုးရလဒ်များကို မြင်တွေ့နေပေသည်။ ‘ယူနန်လည်ပတ်ခြင်း’ APP သည် အစွန်းနှစ်ဖက်ကို ချိတ်ဆက်ပေးထားပါသည်။ ခရီးသွားဧည့်သည်ဘက်ခြမ်းတွင် ကျွန်တော်တို့သည် ဝန်ဆောင်မှု လုပ်ဆောင်ချက်များကို ထပ်မံအဆင့်မြှင့်တင်ပေးသွားပါမည်။ ပထမဦးစွာ 5G ကွန်ရက်အောက်တွင် အသုံးပြုနိုင်ရန်အတွက် အကောင်အထည်ဖော်ဆောင်သွားပါမည်။ ‘ယူနန်လည်ပတ်ခြင်း’ ၏ အခြားတစ်ဖက်မှာ အစိုးရရှိသည်။ ထို့ကြောင့် ယခုနှစ်အတွင်းတွင် ကျွန်တော်တို့သည် အစိုးရဘက်ခြမ်းကို ပိုမိုပြီးပြည့်စုံအောင် လုပ်ဆောင်သွားမည်ဖြစ်သည်။ အစိုးရ၏ ဝန်ဆောင်မှုသည် ‘နေရာတကာတွင် ရှိခြင်း’ဖြစ်နေမှသာလျှင် ခရီးသွားဧည့်သည်တော်များက ‘လွတ်လွတ်လပ်လပ်’ သွားလာနိုင်မည်ဖြစ်ပါသည်။



**ဟောင်ကောင်တာကုံဝံဟွေ့သတင်းထောက်။** ။ ယူနန်သည် တရုတ်နိုင်ငံ၏ အလှပဆုံးပြည်နယ်အဖြစ် ရပ်တည်တည်ဆောက်လိုကြောင်း အကြံပြုခဲ့သည်။ အလှပဆုံးပြည်နယ်ဆိုသည်မှာ အဘယ်နည်း။ ယူနန်ပြည်နယ်မှ အလှပဆုံးပြည်နယ် တည်ဆောက်မည်ဟူသော အခြေခံအုပ်မြစ်မှာ အဘယ်နည်း။

**ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး ချိန်ဟောင်။** ။ ယူနန်ပြည်နယ်ကို တရုတ်နိုင်ငံ၏အလှပဆုံးပြည်နယ်အဖြစ် တည်ဆောက်ခြင်း၏ အခြေခံအနှစ်သာရသည် သဘာဝပတ်ဝန်းကျင်အလှတရား၊ တောတောင်ရေမြေအလှတရား၊ မြို့ပြကျေးရွာအလှတရား စသည့်အလှတရားများ ပေါင်းစပ်ထားခြင်းကို ဆိုလိုပါသည်။

ယူနန်ပြည်နယ်ကို တရုတ်နိုင်ငံ၏အလှပဆုံးပြည်နယ်အဖြစ် တည်ဆောက်ခြင်းတွင် ကျွန်တော်တို့သည် အခြေခံရှိသည်။ ယုံကြည်မှုရှိသည်။ ကျွန်တော်တို့တွင် ရှေးယခင် ဘိုးဘွားများမှ လက်ဆင့်ကမ်းခဲ့သော အဖိုးတန်ရတနာများ ရှိပါသည်။ ‘ရောင်စုံခြယ်ယူနန်၊ ခရီးသွားနတ်ပြည်၊ ကဗျာဆန်သော တောင်တန်းများ၊ ယဉ်ကျေးမှုရတနာများ၊ အနားယူအပန်းဖြေနေရာ၊ ကျန်းမာရေးနှင့်ညီညွတ်သောနေရာ၊ ဖွံ့ဖြိုးတိုးတက်မှုရှေ့တန်း၊ ဖြာထွက်မှုအချက်အချာကျသောစင်တာ’စသည့် လှပသော နာမည်ကတ်လေးခုရှိပါသည်။ ယခုနှစ်ပိုင်းတွင် ကျွန်တော်တို့သည် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုများ၊ ကာကွယ်ထိန်းသိမ်းမှုများ စသည့်လုပ်ငန်းများကို အစဉ်မြဲစွာ လုပ်ဆောင်နေပါသည်။ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေမည့် ပြဿနာများကို အားစိုက်ဖြေရှင်းနေပါသည်။ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပါသည်။ ယူနန်ပြည်နယ်တစ်ခုလုံးအတွင်း ပြည်နယ်အဆင့် မြို့ပြလေထုအရည်အသွေးကောင်းမွန်ခြင်းနေ့ရက်များ အချိုးသည် ၉၈ ဒသမ ၉ ရာခိုင်နှုန်းရှိပါသည်။ နှစ်နှစ်ဆက်တိုက် တရုတ်တစ်နိုင်ငံလုံးအတွင်း ပထမအဆင့်နေရာတွင် ရှိပါသည်။ ပိုမိုများပြားသော ပြည်တွင်းပြည်ပ ခရီးသည်များသည် ယူနန်သို့ လာရောက်ပြီး လေကောင်းလေသန့်များကို လာရောက်ရှူရှိုက်နေကြပါသည်။ ရှေးယခင် ကျေးလက်ဘဝများကို လာရောက်ခံစားအလည်လာကြပါသည်။

**အထွေထွေသတင်း**

# ယူနန်အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်း အကျိုးတူပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအသင်း

## ‘ဘုန်းကြီးကျောင်းတစ်ကျောင်းလျှင် တီဗွီတစ်လုံး’ စီမံကိန်း ပြည်သူလူထုများအကြား ဖလှယ်ရေးများကို တိုးမြှင့်ပေးခြင်း၊ ပေါက်ဖော်ချစ်ကြည်ရေးများကို ပိုမိုခိုင်မြဲစေခြင်း




၂၀၁၈ ခုနှစ် ယူနန်ပြည်နယ် အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်း အကျိုးတူပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအသင်း (အောက်တွင် YINGOS - Yunnan International Non-Government Organization Society ဟု အတိုချုံး ခေါ်ဝေါ်မည်)နှင့် ရန်ကုန်မြို့ နိုဘယ်လ်ဘာသာစကားနှင့် သင်ကြားမှုစင်တာတို့သည် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့ပါသည်။ ရန်ကုန်မြို့တွင် တတိယအကြိမ်မြောက် ‘ဘုန်းကြီးကျောင်းတစ်ကျောင်းလျှင် တီဗွီတစ်လုံး’ စီမံကိန်းကို စတင်ခဲ့ပါသည်။ ဘုန်းကြီးကျောင်း (၅၄)ကျောင်းအတွက် တီဗွီစက်ကိရိယာများကို တပ်ဆင်လှူဒါန်းပေးခဲ့ပြီး သုံးနှစ်တာ SKY NET ဂြိုဟ်တုရုပ်မြင်သံကြား ကြည့်ရှုခွင့်ကိုလည်း ဝယ်ယူလှူဒါန်းပေးခဲ့ပါသည်။

လက်တွေ့အခြေအနေတွင် ရန်ကုန်မြို့ ဘုန်းကြီးကျောင်းအများစုတွင် YINGOS မှ လှူဒါန်းပေးထားသောတီဗွီသည် ကလေးငယ်များ အကြိုက်နှစ်သက်ဆုံးသော စာသင်ခန်းပြင်ပ အဖော်မွန်တစ်ပါး ဖြစ်လာခဲ့ပါသည်။ ၂၀၁၇ ခုနှစ်ကတည်းကစပြီး အဆိုပါ တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ လာရောက်သော လူမှုရေးအဖွဲ့အစည်းသည် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် တတိယအကြိမ်မြောက် ‘ဘုန်းကြီးကျောင်းတစ်ကျောင်းလျှင် တီဗွီတစ်လုံး’ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။ ဘုန်းကြီးကျောင်း ၂၃၄ ကျောင်းသို့ တီဗွီများကို လှူဒါန်းပေးခဲ့သည်။ သုံးနှစ်တာ SKY NET ဂြိုဟ်တုရုပ်မြင်သံကြား ကြည့်ရှုခွင့်ကိုလည်း ဝယ်ယူလှူဒါန်းပေးခဲ့ပါသည်။ ရန်ကုန်မြို့ရှိ ရဟန်းသံဃာနှင့် လူငယ်ကလေးငယ်ပေါင်း ၁ ဒသမ ၁ သိန်းကျော်ကို အကျိုးဖြစ်စေခဲ့ပါသည်။ တရုတ်-မြန်မာ နှစ်နိုင်ငံ ရိုးရာဆန်သော ခိုင်မြဲသည့် ပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုတည်တံ့စေခဲ့ပါသည်။ ယခုလက်ရှိအချိန်တွင် YINGOS မှ လှူဒါန်းပေးသော တီဗွီစက်ကိရိယာများသည် ရန်ကုန်မြို့အတွင်း လှူဒါန်းပေးအပ်နိုင်သော ဘုန်းကြီးကျောင်းအားလုံးကို ပေးအပ်လှူဒါန်းနိုင်ခဲ့ပြီဖြစ်သည်။

### တီထွင်ဖန်တီးမှုစနစ်သည် ညီအစ်ကို ပေါက်ဖော်များကိုအကျိုးရရှိစေပါသည်

ဗုဒ္ဓဘာသာသည် မြန်မာပြည်သူလူထု၏ နေထိုင်မှုဘဝနှင့် ဆက်စပ်လျက်ရှိနေပါသည်။ ဘုန်းကြီးကျောင်းသည် ဆင်းရဲနွမ်းပါးသူများကို ကူညီခြင်း၊ ကျောင်းများတည်ထောင်ပေးခြင်း စသည့် လူမှုရေးတာဝန်များကို ထမ်းဆောင်လျက်ရှိနေပါသည်။ သို့သော် ဘုန်းကြီးကျောင်းပတ်ဝန်းကျင်သည် အလုံပိတ်လျက်ရှိခြင်း၊ ငွေကြေးကန့်သတ်မှုရှိခြင်း စသည့် အခြေအနေများကြောင့် ဘုန်းကြီးကျောင်းအတွင်း နေထိုင်မှုအခြေအနေသည် အလွန်ခက်ခဲလှပါသည်။ ပြင်ပသတင်းအချက်အလက်များကိုရယူရန် ခဲယဉ်းလှပေသည်။ YINGOS ၏ ‘ဘုန်းကြီးကျောင်းတစ်ကျောင်းလျှင် တီဗွီတစ်လုံး’ စီမံကိန်းသည် အဆိုပါပြဿနာကို ဖြေရှင်းပေးရန်ဖြစ်သည်။ အဆိုပါစီမံကိန်းသည် လှူဒါန်းပေးအပ်ခံသော ဘုန်းကြီးကျောင်းတစ်ကျောင်းစီအတွက် တီဗွီစက်ကိရိယာများ တစ်လုံးစီ တပ်ဆင်လှူဒါန်းပြီး အများသုံးနေရာတွင် ထားရှိပေးပါသည်။ ဘုန်းကြီးကျောင်းအတွင်းရှိ ရဟန်းသံဃာများ၊ ကလေးသူငယ်များနှင့် ဘုန်းကြီးကျောင်းအနီးတစ်ဝိုက်တွင်ရှိသော ဆင်းရဲနွမ်းပါးသည့် ကလေးငယ်များအတွက် ပြင်ပသတင်းအချက်အလက်များကို ရရှိစေမည့် အခွင့်အလမ်းတစ်ခုကို ပေးအပ်ခဲ့ပါသည်။ ပြည်သူလူထု၏အမြင်များ ကျယ်လာစေကာ ယဉ်ကျေးမှုလူနေမှုဘဝများကို ပိုမိုထူးခြားဆန်းကျယ်လာစေပါသည်။

### တီဗွီမှတစ်ဆင့် ပြည်သူလူထုများအကြား ချိတ်ဆက်ပေးနိုင်သော ပေါင်းကူးတံတားကြီး တည်ဆောက်ခြင်း

“တရုတ်နိုင်ငံမိတ်ဆွေများကို ကျေးဇူးတင်ပါတယ်။ ယူနန်ပြည်နယ်မိတ်ဆွေများကို ကျေးဇူးတင်ပါတယ်” YINGOS ‘ဘုန်းကြီးကျောင်းတစ်ကျောင်းလျှင် တီဗွီတစ်လုံး’ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်ပြီး လေ့လာရေးခရီးဆင်းသည့်အချိန်တွင် ထိုကဲ့သို့သောစကားများကို အမြဲလို ကြားနေရပါသည်။ အလှူအတန်းပေးအပ်ခြင်းခံရသော ဘုန်းကြီးကျောင်းမှ တာဝန်ခံများသည် YINGOS ၏ တာဝန်ရှိသူများနှင့် တွေ့ဆုံကြသည့်အခါတွင် ပြောကြားသွားသည်မှာ- YINGOS မှ သူတို့တတွေအတွက် အထောက်အပံ့ပေးသော တီဗွီစက်ကိရိယာများသည် ဘုန်းကြီးကျောင်းအတွင်းရှိ ရဟန်းသံဃာတော်များနှင့် ကလေးသူငယ်များ၏ လူနေမှုအရည်အသွေးကို ပိုမိုကောင်းမွန်လာစေပါသည်။ ဘုန်းကြီးကျောင်း၏ ပညာရေးဖိအားများကိုလည်း တစ်ဖက်တစ်လမ်းမှ မျှခံပံ့ပိုးပေးနေပါသည်။ ကလေးသူငယ်များသည် ပိုမိုစုံလင်သော သတင်းအချက်အလက်များ၊ ပညာဗဟုသုတများစွာကို လေ့လာသင်ယူနိုင်ခွင့်ရှိအောင် ဖန်တီးပေးနိုင်ခဲ့ပါသည်။ ဝမ်းသာစရာကိစ္စရပ်တစ်ခုမှာ တီဗွီစက်ကိရိယာများ တပ်ဆင်ထားသော ရုပ်သံလိုင်းများသည် သတင်း၊ အားကစား၊ ဟင်းချက်နည်း စသည့် အစီအစဉ်များ အများစုပါဝင်နေပါသည်။ ကလေးငယ်များသည် အဆိုပါအစီအစဉ်များကို အလွန်ကြိုက်နှစ်သက်ကြပါသည်။ အဆိုပါအစီအစဉ်များကြည့်ခြင်းဖြင့် ကလေးငယ်များအတွက် ကျန်းမာစွာနေထိုင်ခြင်း အယူအဆများကို ဖြည်းဖြည်းချင်းတည်ဆောက်ပေးနိုင်ပြီဖြစ်သည်။




ရန်ကုန်တိုင်းဒေသကြီး သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဦးစိန်မောင်သည် ‘ဘုန်းကြီးကျောင်းတစ်ကျောင်းလျှင် တီဗွီတစ်လုံး’ စီမံကိန်းအကြောင်းကို ပြောကြားမိသည့်အခါတွင်လည်း ချီးမွမ်းစကားများ ပြောပါသည်။ ကလေးသူငယ်များသည် မြန်မာနိုင်ငံ၏အနာဂတ် ဖြစ်သည်။ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး၏ အနာဂတ်လည်းဖြစ်ပါသည်။ YINGOS နှင့် ရေရှည် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ဘုန်းကြီးကျောင်းအတွင်းရှိ ဆင်းရဲနွမ်းပါးသောကလေးသူငယ်များအတွက် ပိုမိုများပြားသော ကူညီမှုများကို အတူတကွ ပံ့ပိုးပေးသွားကြရန် မျှော်လင့်ပါကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

တီဗွီများကို ဘုန်းကြီးကျောင်းများသို့ လှူဒါန်းခြင်းသည် သတင်းအချက်အလက်များ ဖလှယ်ခြင်းကို ပိုမိုဖြစ်ထွန်းစေပါသည်။ ဘုန်းကြီးကျောင်းများသည် ဒေသခံပြည်သူလူထုအတွက် အကျိုးပြုလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်ပြီဖြစ်သည်။ တရုတ်နိုင်ငံ လူမှုရေးအဖွဲ့အစည်းသည် မြန်မာနိုင်ငံတွင် လူထုအကျိုးပြုစီမံကိန်းများကို လုပ်ဆောင်နေခြင်းသည် တရုတ်-မြန်မာ ပြည်သူလူထုများအကြား နှလုံးသားချင်း ချိတ်ဆက်သည့်တံတားကြီးကို တည်ဆောက်လိုက်ခြင်းပင်ဖြစ်သည်။ အဆိုပါလုပ်ဆောင်ချက်သည် နှစ်နိုင်ငံပြည်သူလူထု၏ အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများကို ပိုမိုတိုးပွားလာစေမည်ဖြစ်သည်။ နှစ်နိုင်ငံပြည်သူလူထုအကြား ရိုးရာဆန်သော ခိုင်မြဲသော ပေါက်ဖော်ချစ်ကြည်ရေးများကို ပိုမိုတည်တံ့သွားစေမည်ဖြစ်သည်ဟု မြန်မာနိုင်ငံအခြေစိုက် တရုတ်သံရုံး သံအမတ်ကြီး၏ဇနီး ဝမ်ရှွင်ဟုန်က ထိုကဲ့သို့ ပြောကြားပါသည်။

“တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံသည် တောတောင်ရေမြေချင်း စပ်ဆက်လျက်ရှိနေသည်။ YINGOS သည် နှစ်နိုင်ငံပြည်သူလူထုအကြား ဆက်ဆံရေးတွင် အထောက်အပံ့ပြုပေးနိုင်သည့်အတွက် အလွန်ဝမ်းသာရပါသည်”ဟု YINGOS ဒုဥက္ကဋ္ဌက ထိုကဲ့သို့ ပြောကြားသည်။ “၂၀၁၄ ခုနှစ်ကတည်းက YINGOS သည် မြန်မာနိုင်ငံတွင် အများအကျိုးပြုစီမံကိန်းကိုးခုကို အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါသည်။ ကျေးရွာလမ်းပန်းဆက်သွယ်ရေး တည်ဆောက်ခြင်း၊ ဆေးဝါးကုသကျန်းမာရေး၊ ကျေးရွာလူနေမှုအခြေအနေ ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ခြင်း စသည့်အပိုင်းကဏ္ဍများ ပါဝင်ပါသည်။ YINGOS သည် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန် အတွေးအခေါ် အယူအဆကို လက်ကိုင်ထားပြီး ကဏ္ဍပေါင်းစုံနှင့်ဖလှယ်ခြင်း အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်သည်။ ဒေသအသီးသီး၏ ထူးခြားချက်နှင့် ယဉ်ကျေးမှု ကွာခြားချက်များကို သေချာလေ့လာသုံးသပ်ပြီး တရုတ်-မြန်မာ ပေါက်ဖော်ချစ်ကြည်ရေး၊ မြန်မာနိုင်ငံ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အားအင်များကို စိုက်ထုတ်ပေးနေမည်ဖြစ်သည်”ဟု သူက ဆက်လက်ပြောကြားပါသည်။



ပေါက်ဖော်ချစ်ကြည်ရေး

# တရုတ်မြန်မာနယ်စပ် “ကျောင်းဖွင့်ပြီး ပထမဆုံးစာသင်ချိန်”

မတ် ၂ ရက် နံနက် ၉ နာရီ တရုတ်-မြန်မာနယ်စပ် ရွှေလီမြို့ နူနို့တောင်ရွာ တိမ်ရှုပ်မူလတန်းကျောင်းတွင် ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများသည် စာသင်နှစ်အသစ်ကို စတင်နေကြပါသည်။

“စာသင်နှစ်အသစ်မှာ အားလုံးမှတ်သားစေလိုသည့်စကားမှာ ‘ရည်မှန်းချက်’၊ ‘ကြိုးစားအားထုတ်ခြင်း’၊ ‘ကျေးဇူးသိတတ်ခြင်း’ပင် ဖြစ်သည်”ဟု ရွှေလီမြို့ အကောက်ခွန်ဌာနအရာရှိ ရွှေမင်ဟိုင်က ကလေးများအတွက် ‘ကျောင်းဖွင့်ပြီး ပထမဆုံးစာသင်ချိန်’တွင် ဩဝါဒပေးခဲ့သည်။

ကျွန်တော့်အိပ်မက်က အခွန်ကောက်ဝန်ထမ်းတစ်ဦးဖြစ်သည်။ ကျွန်တော့်အိပ်မက်က ရဲတပ်ဖွဲ့ဝင်ဖြစ်သည်။ ကျွန်တော့်အိပ်မက်က ဆရာမ၊ ကျွန်တော့်အိပ်မက်က အစားအသောက် ဘလော့ဂ်ဂါဖြစ်သည်. . . မတ် ၂ ရက် ရွှေလီမြို့ နူနို့တောင်ရွာ တိမ်ရှုပ်မူလတန်းကျောင်းတွင် ရွှေလီမြို့ အကောက်ခွန်ဌာနနှင့် ‘မဲခေါင်မြစ်’မဂ္ဂဇင်းတို့အတူ ‘ကြီးမားကျယ်ပြန့်သော ကမ္ဘာကြီး’ခေါင်းစဉ်ဖြင့် ‘ကျောင်းဖွင့်ပြီး ပထမဆုံးစာသင်ချိန်’အား ဖွင့်လှစ်ခဲ့ပါသည်။




‘ကမ္ဘာပေါ်မှာ တရုတ်စာ၊ ရှမ်းစာ၊ မြန်မာစာဟူသည့် ဘာသာသုံးမျိုးရှိသည်ကို ကျွန်တော် သိသည်’၊ ‘ကျွန်တော်ကတော့ ဟိန္ဒူဘာသာစကား၊ ရုရှားဘာသာစကား၊ အင်္ဂလိပ် (အမေရိကန်အင်္ဂလိပ်)ဟူသည့် ဘာသာသုံးမျိုးကို သိသည်’၊ ‘ကျွန်တော်က ရွှေလီကလွဲပြီး အခြားမည်သည့်နေရာမှ မရောက်ဖူးပါဘူး။ ကမ္ဘာကြီး မည်မျှကျယ်ပြန့်သနည်းကို သွားကြည့်ချင်သည်’ဟူ၍ နူနို့တောင်ရွာ တိမ်ရှုပ်ကျောင်းမှ ကလေးများက ပြောကြားခဲ့ပါသည်။

နယ်စပ်ဒေသတွင်ရှိ မူလတန်းကျောင်းဖြစ်သည့်အတွက် တိမ်ရှုပ်မူလတန်းကျောင်းမှ ကျောင်းသားများသည် တရုတ်ကျောင်းသားများအပြင် မြန်မာကျောင်းသား တော်တော်များများလည်း ရှိနေသည်။ အသက် ၁၅နှစ်အရွယ် လှထွေးသည် အဆိုပါမြန်မာကျောင်းသားများအတွင်းမှ တစ်ဦးဖြစ်သည်။ လှထွေးသည် မြန်မာနိုင်ငံတွင် ပဉ္စမတန်းထိ တက်ခဲ့ပြီး ကျောင်းပြောင်းလာခဲ့သည်။ သူ၏ အိပ်မက်မှာ ဆရာမဖြစ်ပြီး ပညာဗဟုသုတများကို ပိုမိုများပြားသောကလေးများထံ ဖြန့်ဝေချင်သောကြောင့်ပင် ဖြစ်သည်။ အတန်းခေါင်းဆောင်အနေဖြင့် အတန်းသူ အတန်းသားများက လှထွေးသည် စာတော်ပြီး လူထိန်းတော်သည်ဟု ချီးမွမ်းပြောကြသည်။ ‘တရုတ်နိုင်ငံမှာ ပညာသင်ရခြင်းမှာ အမေက ကျွန်တော် ကြီးလာလျှင် တရုတ်မှာအလုပ်လုပ်စေလိုခြင်းကြောင့်ဖြစ်သည်’ဟု လှထွေးက ဆိုသည်။

တိမ်ရှုပ်မူလတန်းကျောင်းတွင် ကျောင်းသား ၂၄၆ ဦးရှိပြီး ၎င်းအနက် မြန်မာကျောင်းသား ၁၅ ဦးရှိကြောင်း၊ ကျောင်းသားများသည် နှစ်စဉ်နှစ်တိုင်း CCTV မှ တင်ဆက်သော အစီအစဉ် ‘ကျောင်းဖွင့်ပြီး ပထမစာသင်ချိန်’ကို ကြည့်ရှုလေ့ရှိကြောင်း၊ သို့သော် ယနေ့ကဲ့သို့ ခေါင်းစဉ်နှင့်တကွ ကျောင်းဝိုင်းအတွင်း ‘ကျောင်းဖွင့်ပြီး ပထမဆုံးစာသင်ချိန်’ကို ကျင်းပရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ‘ကလေးများ အပြင်သွားရန် အခွင့်အရေးနည်းပါးခြင်းကြောင့် လွန်ခဲ့သောရက်ပိုင်းကတည်းက ကြေညာခဲ့ပြီး အားလုံးတက်ကြွနေကာ ခွင့်ယူခဲ့သူ တစ်ဦးမျှမရှိခဲ့ပေ’ဟု တိမ်ရှုပ်မူလတန်းကျောင်းမှ ကျောင်းအုပ်ကြီးရန်လျှပ်က ပြောကြားသည်။

ယင်းကဲ့သို့သော ‘နိုင်ငံကူး ပညာလေ့လာသူ’များအကြောင်းပြောရင်း သူတို့သည် ဆရာများ၏ အားကိုးရသော လက်ထောက်များဖြစ်ကာ အတန်းသူအတန်းသားများ၏ ခေါင်းဆောင်များဖြစ်သည်ဟု တိမ်ရှုပ်ကျောင်းဆရာများက ချီးမွမ်းခဲ့သည်။





**သတင်းထောက်– လျိုရန့်ချင်**

နှစ်(၇၀) ချီးမွမ်းထောပနာပြုခြင်း

# တရုတ်စားနပ်ရိက္ခာထုတ်လုပ်နှုန်းသည် နှစ်ပေါင်းများစွာအတွင်း ၁၂၀၀ ဘီလီယံ ကီလိုဂရမ်မှာ အမြဲရှိနေ

**အယ်ဒီတာအညွှန်း–**

၂၀၁၉ ခုနှစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ပြီး နှစ် ၇၀ မြောက် ဖြစ်သည်။ နှစ် ၇၀ အတွင်း တရုတ်နိုင်ငံသည် ဆင်းရဲနွမ်းပါးသောနိုင်ငံတော်မှ တစ်ဟုန်ထိုးကာ ယနေ့ခေတ် ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားကြီးနိုင်ငံ ဖြစ်လာခဲ့သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ခြင်းသမိုင်းမှာ ကမ္ဘာတဝန်းက တွေ့မြင်သိရှိကြပြီဖြစ်သည်။ ယခုဆောင်းပါးတွင် ‘နှစ် (၇၀) ချီးမွမ်းထောပနာပြုခြင်း’ ကော်လံသည် နှစ်(၇၀)အတွင်း ပြောင်းလဲသွားသော တရုတ်နိုင်ငံအကြောင်းကို တင်ပြပေးသွားမည်ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နှစ်ကာလကြာရှည်သော လယ်ယာစိုက်ပျိုးရေးသမိုင်းနှင့် လယ်ယာစိုက်ပျိုးရေး ယဉ်ကျေးမှုများ ရှိခဲ့ပါသည်။ စိုက်ပျိုးရေးကဏ္ဍ၏ ထောက်ပံ့ပေးသောအပိုင်းကို ပြုပြင်ပြောင်းလဲခြင်းများ မြှင့်တင်ခဲ့ခြင်းကြောင့် တရုတ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးမှာ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ကျေးလက်တောရွာများ ပြုပြင်ပြောင်းလဲခြင်းဖြင့် လယ်သမားများ၏ နေထိုင်မှုများ မြှင့်တင်ပြောင်းလဲလာကြပါသည်။

စာရင်းဇယားများအရ ‘တရုတ်နိုင်ငံ စားနပ်ရိက္ခာထုတ်လုပ်မှုနှုန်းမှာ နှစ်ပေါင်းများစွာ ၁၂၀၀ ဘီလီယံ ကီလိုဂရမ်အထက်မှာ အမြဲရှိပြီး ထုတ်လုပ်ရေးအခြေခံ ခိုင်မာကြောင်း၊ လယ်သမားများ၏အကျိုးရရှိမှုများ၊ ပျော်ရွှင်မှုများ၊ လုံခြုံစိတ်ချမှုများ သိသိသာသာ မြှင့်တက်လာခဲ့ပါကြောင်း သိရသည်။

ဂေဟစနစ်ထိန်းသိမ်းခြင်း

# Phayre's langur ထိန်းသိမ်းစောင့်ရှောက်သော သစ်တောထိန်းသမား

မနက် ၈ နာရီမတိုင်မီ ရုံးသွားတက်ရသည်။ မွန်းတည့် ၁၂ နာရီ ခဏနား၊ မွန်းလွဲ ၂ နာရီမှ ည ၆နာရီ၊ ၇ နာရီအထိ အလုပ်လုပ်ရသော တွမ်ရှင်းဖျင်၏အလုပ်ချိန်မှာ သာမန်ရုံးတက်ရုံးဆင်း ဝန်ထမ်းများနှင့် မထူးခြားသော်လည်း သူ၏အလုပ်များမှာ တမူထူးခြားနေသည်။ သူသည် တယ်ဟုန်တိုင်(ရှမ်း)၊ ဂျိမ်းဖောတိုင်းရင်းသားလူမျိုး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ မန်စီဟောရှင်းချန်သစ်တောသယံဇာတထိန်းသိမ်းရေးဌာနမှ သစ်တောထိန်းတစ်ဦးဖြစ်သည်။ သူအဓိကလုပ်ဆောင်ရသောတာဝန်မှာ နိုင်ငံတော်မှ ပထမအဆင့်ထိန်းသိမ်းစောင့်ရှောက်ခြင်းခံရသော တိရစ္ဆာန် Phayre's langur ကို ကြည့်ရှုစောင့်ရှောက်ခြင်းပင်ဖြစ်သည်။

တွမ်ရှင်းဖျင်သည် ငယ်စဉ်အခါကတည်းက မန်စီဟောရှင်ချန်ရွာတွင် ကြီးပြင်းခဲ့ပြီး လွန်ခဲ့သော ၁၀ နှစ်တွင် သစ်ပင်ခုတ်ခြင်းသည် သူ၏အဓိကဝင်ငွေဖြစ်ခဲ့သည်။ အဆိုပါအချိန်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းအသိအမြင် လျော့နည်းသည်။ တောရိုင်းတိရစ္ဆာန်များသည် မုဆိုးများ၏သတ်ဖြတ်ခြင်းကို ခံနေခဲ့သည်။ ၂၀၁၂ ခုနှစ်မှစ၍ ဒေသခံများသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် တိုက်တွန်းခြင်းခံခဲ့ရသည်။ သစ်ခုတ်သမားများ၊ မုဆိုးများ မရှိတော့ပေ။ ဒေသခံရွာသားများသည် အသက်မွေးဝမ်းကျောင်းနည်းလမ်း ပြောင်းခဲ့သည်။ သစ်သီးဝလံများ၊ လက်ဖက်များ စိုက်ပျိုးခဲ့ကြသည်။ ၂၀၁၅ ခုနှစ်မှစ၍ တွမ်ရှင်းဖျင်သည် သစ်တောထိန်းတစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး Phayre's langur များသည် သူ့အတွက် တမူထူးခြားနေပါတော့သည်။

တွမ်ရှင်းဖျင်သည် နေ့စဉ်လှည့်ပတ်ကြည့်ရှုရသော တောင်လမ်းခရီးမှာ ၆၀ ကီလိုမီတာခန့်ရှိပြီး တောင်ပတ်ကြည့်ပြီး တောင်အခြေအနေများကိုကြည့်ရသည့်အပြင် ရွာသားများကို ပညာပေးရသေးသည်။ ‘Phayre's langur သည် တယ်ဟုန်နာမည်ကတ်ဖြစ်ပြီး တယ်ဟုန်၏ ရတနာဖြစ်သည်။ ကျွန်တော်တို့ ကောင်းကောင်းထိန်းသိမ်းရမည်’ဟု သူက ပြောသည်။

Phayre's langur သည် ဟောရှင်းချန်ဟူသည့်ကျေးရွာကို ပြောင်းလဲနေသည်။ ယခုချိန်တွင် ပိုမိုများပြားသော ဓာတ်ပုံဆရာများ လာရောက်ကြသည်။ ဟောရှင်းချန်ရွာသည် Phayre's langur များ နေထိုင်ကျက်စားရာနေရာနှင့် နီးကပ်နေပြီး ဒေသခံရွာသားများ ဂေဟစနစ်ကို ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းနိုင်ရန် အစိုးရမှ ရန်ပုံငွေများ ထောက်ပံ့ပေးခဲ့သည်။ ယနေ့ချိန်တွင် လမ်းမကြီးများသည် ရွာနေအိမ်ယာတိုင်းအထိ ပေါက်ရောက်နေပြီဖြစ်သည်။

ယခင်က Phayre's langur သည် ထူးခြားသည်ဟု မထင်ခဲ့ပေ။ သစ်တောထိန်းအလုပ် လုပ်ဆောင်ခဲ့ပြီးနောက်တွင် မျောက်ကိုပိုပြီး သေသေချာချာ ကြည့်ရှုစောင့်ရှောက်တတ်ခဲ့ပြီး မျောက်များပိုမိုနှစ်သက်လာသည်။ မျောက်များကို ပိုမိုသိကျွမ်းနားလည်ကာ Phayre's langur ကျွမ်းကျင်သူတစ်ဦးဖြစ်လိုကြောင်းသူက ပြောကြားပါသည်။

**သတင်းထောက်– လျိုကျိုယွီ**